ဖြူချောင်ကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖြူချောင်ကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၃ခုနှစ်

ဖြူချောင်ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃/၂၄ဘဏ္ဍာရေးနှစ် မှ ၂၀၂၇/၂၈ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

၈ပြီလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖြူချောင်ကျေးရွာ
ရွာဝံမြို့နယ်

ဖြူချောင်ကျေးရွာ သယ်ဇာတပြမြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ဖြူချောင်ကျေးရွာသည် ရွာငံမြို့နယ် မြိုင်ကျေးရွာအုပ်စုတွင် ပါဝင်သည်။ ဖြူချောင်ကျေးရွာသည် ရွာငံမြို့နှင့်(၁၄)မိုင်တွင် တည်ရှိသောကျေးရွာ ဖြစ် ပါသည်။လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သဖြင့် သွားလာရေးခက်ခဲနေပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်းအမြစ်များ အနေဖြင့် သစ်တောအနည်းငယ်ရှိ၍ သစ်တောပြုန်းတီးလာနေပါပြီ။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ဝါး၊ဆေးဖက်ဝင်အပင်များရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစာ္ဆန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွား ပြီဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှာ ပေါ များစွာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ဖြူချောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၀)စုနှင့် ကျား(၂၂၅)၊ မ(၂၀၅)ဦး ဖြင့် လူဦးရေ ပေါင်း (၄၃၀)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး ရှမ်းပအိုဝ်း၊ဗမာလူမျိုးအနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၈၀%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြု စေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဖြူချောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ စုစုပေါင်း(၂၅၄)ဧက မြေလွတ်မြေလပ်(၂၅၇)နီးပါးရှိပါ သည်။အဓိကအားဖြင့် လက်ဘက်၊ထောပတ်သီး၊ဂေါ်ဖီ၊မုန့်ညှင်း တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ်မူတည်ပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာကို အသုံးပြုပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဖြူချောင်ရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၀)စု ရှိပြီး၊ နွားကောင်ရေ (၂၂)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၁၅)စု ရှိပြီး ဝက်ကောင်ရေ(၁၅)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။

ကျေးရွာတွင် စားကျက်မြေပေါများသောကြောင့် မွေးမြူရေးလုပ်ကိုင်ရန် အဆင်ပြေပါသည်။ နွားများအတွက် သောက်သုံးရေ အသင့်အတင့်ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်လျက်ရှိကြပါသည်။

(ဂ) ငါးလုပ်ငန်း

ဖြူချောင်ကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင်မြေကွက်များတွင် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအင်္ဂါးလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း ဈေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေ ရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဖြူချောင်ကျေးရွာတွင် အခြားအဖွဲ့အစည်းများဖြစ်သော သမဝါယမအသင်းစုတို့မှ ချေးငွေရယူကြပါသည်။ ၎င်းတို့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူပြီး သတ်မှတ်ထားသော အချိန်တွင် ပြန်လည်ပေးဆပ်ကြရပါသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန်အတွက် ချေးငွေရယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်မှုကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်မှုအသင့်အတင့်ရှိသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ အလွန်ခက်ခဲပါသည်။မြို့ငယ်သို့ အမှီပြု၍ ရောင်းချအသက်မွေး သူများလည်းရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ တစ်ချို့မှာ လျှပ်စစ်မီးခါတ်အား သွယ်တန်းနိုင်ခြင်းမရှိပါသဖြင့် ဆိုလာမီးအား အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၈၀)လုံး ၊ရေဒီယို (၁၀)လုံး၊**တီဗွီ(၁၅)လုံး**တို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိဖို့ရန် အတွက်မှာလည်း အခက်အခဲများရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်း ပညာရေးအဆင့်သာ သင်ကြားရပြီး အထက်တန်းကို အ.ထ.က(မြို့)တွင် သွားရောက်၍သင်ယူရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစား ပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါ သည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

မြို့ကျေးရွာ သို့ကြီးမားသောရောဂါဖြစ်ပွားပါက မြို့တိုက်နယ်ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။

ကျေးရွာတွင်သောက်သုံးရန်အတွက် မိုးရေလောင်ကန်နှင့် ရေအရင်းအမြစ်အသုံးချ ရေး ဦးစီးဌာနနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးထားသည့် ညောင်ခြေထောက်ရွာမှ လူးကျေးရွာနှင့် ဖြူချောင်ကျေးရွာ(၁၉၉၇)ရေပိုက်များ သွယ်တန်းရရှိထားပါသည်။

ဖြူချောင်ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟော ပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေး အန္တရာယ်ကြီးများစွာ ကျရောက်မှု မရှိပါ။ သို့သော်လည်း တောင်တန်းဒေသဖြစ်သဖြင့် လေတိုက်မှု အန္တရာယ်ကို စိုးရိမ်နေရပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့်

ကောင်းကျိုး/ဆိုးကျိုးများ ခွဲခြား လာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ ဖြူချောင်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- မြိုင်ကျေးရွာအုပ်စု ကျေးရွာအမည်- ဖြူချောင်ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ကျေးရွာတွင်းလမ်းပိုမို ကောင်းမွန်စေရန်	ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	
၂။	ဖွံ့ဖြိုးရေး	ကုန်စည်စီးဆင်းမှု အားကောင်းစေရန်	ဖြူချောင် ကျေးရွာ နှင့်မြေနီကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်း လုပ်ငန်း	
၃။	ဖွံ့ဖြိုးရေး	ကုန်စည်စီးဆင်းမှု အားကောင်းစေရန်	ဖြူချောင် ကျေးရွာ နှင့်မြောက်လက်ကုန်းကျေးရွာချင်းဆက်လမ်းခ င်းခြင်းလုပ်ငန်း	
၄။	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ဝန်ဆောင်မှု/ လူထုအခြေအနေကျန်းမားရေး ဝန်ဆောင်မှု	ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း	
၅။	ဖွံ့ဖြိုးရေး	ကုန်စည်စီးဆင်းမှု အားကောင်းစေရန်	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း	

ဖြူချောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၁)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးစိုးမင်းဦး	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၁၄၀၄၄	၀၉-၆၆၈၂၄၈၆၁၁	
၂။	ဒေါ်ခင်ဝါသင်း	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၂၉၄၇၅	၀၉-၆၉၈၃၁၉၅၅၉	
၃။	ဦးဝင်းထူး	ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၁၄၁၂၂	၀၉-၆၇၇၆၆၈၂၅၇	
၄။	ဦးကျော်လွင်	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၂၂၃၁၇	၀၉-၆၆၈၄၀၄၄၉၄	
၅။	ဒေါ်လဲ့လဲ့နှင်း	စာရင်းကိုင်	၁၃/ရငန(နိုင်)၀၆၀၄၂၃	၀၉-၆၈၆၆၂၅၉၄၀	
၆။	ဦးအုန်းဝေ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၄၆၀၂၇		
၇။	ဒေါ်ဝေါ်ဦး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၅၂၃၀၇	၀၉-၆၆၂၇၄၆၆၇၈	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ဖြူချောင်ကျေးရွာ) နောက်ဆက်တွဲ(၂)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	မိုးရာသီကာလတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်း	သွားလာရေးလွယ်ကူစေရန်	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း
၂။	တစ်ရွာနှင့် တစ်ရွာ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်	လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန်	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဖြူချောင် ကျေးရွာနှင့်မြေနီကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း
၃။	တစ်ရွာနှင့် တစ်ရွာ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်	လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန်	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဖြူချောင် ကျေးရွာနှင့်မြောက်လက်ကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း
၄။	ကျန်းမာရေးအတွက် လိုအပ်သော ကိစ္စများ အဆင်မပြေခြင်း		-	-	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း
၅။	ကုန်စည်စီးဆင်းမှု အားမကောင်းခြင်း	ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်			သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း

ဖြူချောင်ကျေးရွာ နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက် နောက်ဆက်တွဲ(၄)

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁။	ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၁	J				
၂။	ဖြူချောင် ကျေးရွာ နှင့်မြေနီကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း	၂		J			
၃။	ဖြူချောင် ကျေးရွာ နှင့်မြောက်လက်ကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း	၃			J		
၄။	ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း	၄				J	
၅။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း	၅					J